**(က) Asia Golden Glory Development Company Limited မှ အစုရှယ်ယာများအားဝယ်ယူခြင်း**

**(ခ) လက်အောက်ခံကုမ္ပဏီခွဲသစ်တစ်ခု တည်ထောင်ခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ စုပေါင်း၍ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် နေပြည်တော်တောင်ဘက် ကီလိုမီတာ (၄၀)ခန့်အကွာ၌ တည်ရှိပြီး ရေနီစက်မှုမြို့တော်စီမံကိန်း (“ရေနီစီမံကိန်း”) တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက် နေသော ကုမ္ပဏီ တစ်ခုဖြစ်သည့် Asia Golden Glory Development Company Limited (“Asia Golden Glory”) မှ အစုရှယ်ယာ ၃၀% ဝယ်ယူရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

Asia Golden Glory ၌ ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုကို လက်အောက်ခံကုမ္ပဏီခွဲသစ်တစ်ခုအနေဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပြီး ယင်းကုမ္ပဏီခွဲနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| ကုမ္ပဏီအမည် | FMI Industrial Investment Company Limited |
| ကုမ္ပဏီရုံးစိုက်ရာနေရာ | မြန်မာနိုင်ငံ |
| ထုတ်ဝေပြီးမတည်ရင်းနှီးငွေနှင့် အပြည့်ပေးသွင်းပြီးရှယ်ယာ | အစုရှယ်ယာတစ်စုလျှင် ကျပ် ၁,၀၀၀ တန်ဖိုးရှိသော အစုရှယ်ယာပေါင်း ၁,၀၀၀,၀၀၀ ပါဝင်သည့် မတည်ရင်းနှီးငွေ ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- |
| ထည့်ဝင်ရင်းနှီးမြှုပ်နှံမှု | ကုမ္ပဏီမှရင်းနှီးမြှုပ်နှံမှု ၁၀၀% ပိုင်ဆိုင်ပါသည်။ |

ရေနီစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီးမြောက်ဘက်စွန်းရှိ ရေတာရှည်မြို့နယ်တွင်တည်ရှိပြီး ဧရိယာ အကျယ်အဝန်း ဧက (၁,၉၀၀) ကျယ်ဝန်းပါသည်။ ရေနီသည် အာရှအဝေးပြေးလမ်းမကြီး(၁)နှင့် ယင်း စီမံကိန်းအဆုံး အရှေ့ဘက်ရှိ ရေနီဘူတာရုံတို့သို့ ကားလမ်း၊ ရထားလမ်းတို့ဖြင့် ဆက်သွယ်သွားလာရန် လွယ်ကူသောနေရာကောင်းတွင် တည်ရှိပါသည်။ ရေနီစီမံကိန်းအနီးတွင် လယ်ဝေး၊ ရေတာရှည်နှင့် ပျဉ်းမနားတို့ကဲ့သို့ လူဦးရေထူထပ်သည့် မြို့နယ်များရှိနေခြင်းကြောင့် စီမံကိန်းအတွက် လုပ်သားအင် အား အများအပြားရရှိနိုင်ပါသည်။

ရေနီစီမံကိန်း၏ ပထမအဆင့်သည် အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ စက္ကူနှင့် ပျော့ဖတ်လုပ်ငန်း၊ ကုန်ပစ္စည်းပုံနှိပ်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်း၊ အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်း၊ ကုန်ပစ္စည်းသိုလှောင် ခြင်းလုပ်ငန်းတို့ကဲ့သို့ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား နေရာချထားနိုင်ရန် ဒီဇိုင်းရေးဆွဲ ထားသော စက်မှုဇုန် တစ်ခုတည်ဆောက်နိုင်ရန် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရေနီစီမံကိန်းက ပိုင်ဆိုင်သော လက်ရှိသဘာဝဓာတ်ငွေ့စက်ရုံခွဲနှင့် ရေဖြန့်ဝေမှုစနစ်တို့အပါအဝင် အခြေခံ အဆောက် အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီများ၏ လိုအပ်ချက် များအား အထောက်အကူပေးနိုင်ရန် အဆင့်မြှင့်တင်အသုံးပြုသွားမည် ဖြစ်ပါသည်။ ဤစီမံကိန်း တည်ဆောက်ရေး၏

ပင်မစီမံကိန်းကို နိုင်ငံတကာစံချိန်မီ စက်မှုဇုန်ဖြစ်လာစေရန် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များအဖွဲ့တစ်ဖွဲ့က ဆောင်ရွက်လျက်ရှိပါသည်။

**သဘောတူစာချုပ်၏ အဓိကစည်းကမ်းချက်များ**

ဤသဘောတူစာချုပ်အရ ကုမ္ပဏီသည် ကုန်ပစ္စည်းရောင်းချခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ကြော်ငြာခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများအပါအဝင် ရေနီစီမံကိန်း၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေး၊ လုပ်ငန်းလည်ပတ်မှု ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အဓိကဦးစီးဆောင်ရွက်သူတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ရမည်။

ရေနီစီမံကိန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုချက်လိုင်စင်များ၊ ခွင့်ပြုမိန့်များ၊ အတည်ပြုချက်များ၊ ခွင့်ပြုချက်များ၊ မှတ်ပုံတင်ခြင်းများနှင့် အခြားလိုအပ်သည့် ခွင့်ပြုချက်များအား ရယူသွားရမည်။ အဆိုပါခွင့်ပြုချက်များသည် ကုမ္ပဏီကလက်သင့်ခံနိုင်သော စည်းကမ်းချက်များအတိုင်း ဖြစ်ရမည်ဖြစ်ပြီး ခွင့်ပြုချက်များရရှိရေးအတွက် အားသွန်ခွန်စိုက်အကျိုးရှိရှိ ဆက်လက်ဆောင်ရွက်သွားရမည်။ အဆိုပါခွင့်ပြုချက်များတွင် ရေနီစီမံကိန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရယူ သွားရမည့် ခွင့်ပြုချက်လည်း ပါဝင်ပါသည်။

အဆိုပါခွင့်ပြုချက်များအား ရယူနိုင်မှုမရှိခြင်း သို့မဟုတ် ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်စုံတစ်ရာ လက်သင့်ခံနိုင်ဖွယ်မရှိသော အခြေအနေပေါ်ပေါက်ပါက ရှယ်ယာဝယ်ယူသူကုမ္ပဏီက ပေးသွင်းထားသောငွေများကို ပြန်လည်ပေးအပ် ရမည်ဖြစ်ပါသည်။ အဆိုပါ ပေးသွင်းထားသည့်ငွေများကို ရှယ်ယာရောင်းချသူကုမ္ပဏီမှ နောက်ဆုံးပြန်လည်ထုတ်ပေးရမည့်ရက်မှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့ ဖြစ်သည်။

**ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှု**

ဤစီမံကိန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ဤကြေညာချက်ထုတ်ပြန်သည့်ရက်တွင်ရှိသည့် ကုမ္ပဏီအုပ်စု၏ တစ်စုတစ်ပေါင်းတည်း အသားတင်မြင်သာသော ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှု၏ ၇.၀၉%[1] ခန့်ကို ထည့်ဝင်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။ စီမံကိန်းအတွက် အစုရှယ်ယာဝယ်ယူခြင်းသည် ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော လက်ရှိဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီအုပ်စု၏ တစ်စုတစ်ပေါင်းတည်းသော ရှယ်ယာတစ်စုဝင်ငွေကို များစွာထိခိုက်ခြင်းမရှိကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၇ ခုနှစ်၊ မေလ (၅)ရက်


**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm


[1] ဤကြေညာချက် ထုတ်ပြန်သည့်အရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်သည့် ငွေလဲလှယ်နှုန်း အမေရိကန်(၁)ဒေါ်လာလျှင် မြန်မာကျပ်ငွေ (၁,၃၅၇)ကျပ် အပေါ် အခြေခံတွက်ချက်ထားပါသည်။

A. ACQUISITION OF SHARES IN ASIA GOLDEN GLORY DEVELOPMENT COMPANY LIMITED

B. INCORPORATION OF A NEW SUBSIDIARY

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the "Group") wishes to announce that the Company has entered into a conditional purchase agreement (the "Agreement") to acquire an effective 30% stake in Asia Golden Glory Development Company Limited ("Asia Golden Glory"), a company involved in developing the Yeni Industrial Town Project (the "Yeni Project") approximately 40km south of Naypyitaw.

The Company's investment in Asia Golden Glory will be carried out through a newly incorporated subsidiary, the details of which are as follows:

| | |
|---|---|
| Name of Company: | FMI Industrial Investment Company Limited |
| Place of Incorporation: | Myanmar |
| Issued and paid-up share capital: | Ks. 1,000,000,000/- comprising 1,000,000 shares of Ks. 1,000 each |
| Interest: | Effective 100% interest held by the Company |

The Yeni Project occupies an area of approximately 1,900 acres in Yedashe Township, on the northern edge of Bago Region. Yeni is well-connected to road and rail transportation, with convenient access to Asian Highway 1 as well as Yeni Railway Station, which is situated at the eastern end of the project. Populous townships such as Lewe, Yedashe and Pyinmana are located near the project and have the capacity to provide abundant labor.

The first phase of the Yeni Project will focus on the development of an industrial zone designed to accommodate light industries such as textiles and garments, paper and pulp, printing and packaging, food and beverage and warehousing.

The Yeni Project possesses existing infrastructure and utilities including a natural gas substation and water system which will be utilized and upgraded to support the needs of international manufacturers. Master planning of the development is being undertaken by a team of global experts to ensure the estate meets international standards.

## SALIENT TERMS OF THE AGREEMENT

Under the Agreement, the Company will play a leading role in the development, construction, operation and maintenance of the Yeni Project, including sales, marketing, promotion and financing activities.

In order to ensure the successful implementation of the Yeni Project, various licenses, authorizations, orders, grants, confirmations, permissions, registrations and other necessary approvals (the "Approvals") must be obtained. The Approvals must be on terms satisfactory to the Company, and must remain in full force and effect. The Approvals include, but are not limited to, the consent to be obtained from the Myanmar Investment Commission for the Yeni Project.

In the event that the Approvals cannot be obtained, or any other conditions of the Agreement cannot be satisfied, any consideration paid by the Company shall be refunded. The longstop date for the Agreement is 31 December 2017.

## FINANCIAL EFFECTS

The purchase consideration will be funded using internal sources and represents approximately 7.09%[1] of the Group's consolidated net tangible assets at the date of this announcement. The transaction is not expected to have a material impact on the Group's consolidated earnings per share for the current financial year ending 31 March 2018.

By Order of the Board

Tun Tun
Executive Director

5 May 2017


**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm


[1] Based on the prevailing Central Bank of Myanmar exchange rate of US $1 to Ks. 1357 at the date of this announcement.